# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ပြည်ထောင်စုအာမခံစံနစ်အဖွဲ့ အက်ဥပဒေတွင် ပုဒ်မ ၁၂ အစား၊ အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၂ အဖြစ်ထည့်သွင်းရမည်။

"၁၂။ ။(၁) ဤအဖွဲ့သည်၊ပြည်ထောင်စုအာမခံရံပုံငွေကိုရင်းနှီးလိုလျှင် ပြည်ထောင်စုအစိုးရကတိုက်ရိုက်အာမခံသည့်ငွေချေးစာချုပ်များ နှင့်ပြည်ထောင်စုအစိုးရက အသိအမှတ်ပြုထားသော ဒေသန္တရ အဖွဲ့တခုခုက အာမခံသည့်ငွေချေးစာချုပ်များကို သက်ဆိုင်ရာ အစိုးရဌာနမှသော်၎င်း၊ ဒေသန္တရအဖွဲ့မှသော်၎င်း တိုက်ရိုက် ဝယ်ယူ၍ရင်းနှီးနိုင်သည်။

(၂) အဖွဲ့သည်၊ ပြည်ထောင်စုအာမခံရံပုံငွေကို၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်း ချက်နှင့်အညီမှတပါး အခြားနည်းလမ်းဖြင့်ရင်းနှီးလိုလျှင်၊ နိုင်ငံ တော်သမတ၏သဘောတူညီချက်ကိုကြိုတင်ရယူရမည်။"

ပ၊ပ၊ဗ၊ပ၊—အမှတ် ၅၂၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၅၄—၂,၀၀၀—၂။

အဘိုး—၁၀ ပြား]